- ကန့်သတ် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ

ရုံးအမိန့်

အမှတ်။ ၄၉ ။ ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန် လ ( ၆ )ရက်

အကြောင်းအရာ။ **ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းများတွင် အလုပ်သင်ဆင်းမည့် စာရင်းကိုင် အလုပ်သင်များ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများတွင် အလုပ်သင်ဆင်းမည့် စာရင်းကိုင်အလုပ်သင်များသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည်-

(က) စာရင်းကိုင်အလုပ်သင်ကြားပေးမည့် စာရင်းကိုင်က သတ်မှတ်ပေးသည့်လစာကို ခံစားခွင့်ရှိသည်၊

(ခ) အလုပ်သင်အဖြစ်စတင်သည့်နေ့မှ အလုပ်သင်လုပ်သက် တစ်ဆက်တည်း (၂) နှစ်ဆောင်ရွက်ရမည်၊

(ဂ) ကောင်စီမှသတ်မှတ်ပေးသည့် စာရင်းကိုင်အလုပ်သင်ကြားပေးမည့် စာရင်းကိုင် ထံတွင် အလုပ်သင်ဖြစ် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း ကောင်စီသို့ မပျက်မကွက် အစီရင်ခံတင်ပြရမည်၊

(ဃ) ကောင်စီက အခါအားလျော်စွာသတ်မှတ်သည့် ဝင်ကြေး၊ မှတ်ပုံတင်ကြေး၊ သင်တန်းကြေး၊ စာမေးပွဲဝင်ကြေး အစရှိသည်တို့ကို ပေးဆောင်ရမည်၊

(င) စာရင်းကောင်စီကသော်လည်းကောင်း၊ ကောင်စီကတာဝန်လွှဲအပ်သည့်ကော်မတီ၊ ပုဂ္ဂိုလ်စသည်တို့က သော်လည်းကောင်း၊ မိမိအားအလုပ်သင်ကြားပေးရန် တာဝန်ချထားသည့် အဖွဲ့အစည်းကသော်လည်းကောင်း ပေးအပ်သည့် တာဝန်ဝတ္တရားများကို လိုလိုချင်ချင်နှင့် သစ္စာ ရှိစွာ ထမ်းဆောင်ရမည်၊

(စ) အလုပ်သင်ကြားပေးသည့် စာရင်းစစ်အဖွဲ့မှ သတ်မှတ်ထားသည့် အလုပ်ချိန်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရမည်၊

(ဆ) စာရင်းကိုင်အလုပ်သင်သည် လက်တွေ့အလုပ်သင်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာရုံးမှ စာအုပ်များ၊ စာရွက်စာတမ်းများ၊ ငွေများ၊ ပစ္စည်းကိရိယာများ စသည်တို့ကို မိမိကိုယ်ကျိုးအတွက် သုံးခြင်း၊ ဖျက်ဆီးပစ်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ မိတ္တူကူးယူခြင်းစသည်တို့ကို မပြုလုပ်ရ၊

(ဇ) မိမိလုပ်ကိုင်ခဲ့သော အလုပ်သင်လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းများကိုလည်းကောင်း၊ သတင်းများကို လည်းကောင်း၊ မိမိကြောင့် အပြင်သို့ လုံးဝပေါက်ကြားမှုမရှိစေရ၊

(ဈ) စာရင်းကိုင်အလုပ်သင်သည် ရုံးမတက်နိုင်၍ ခွင့်ယူလိုပါက အလုပ်သင်ကြားပေးမည့် စာရင်းကိုင်ထံ စာဖြင့် ခွင့်တောင်းရမည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသို့ မတက်နိုင်သည့် နေ့များအတွက် ကော်မတီအတွင်းရေးမှူးထံ စာဖြင့်ခွင့်တောင်းခံရမည်၊

- ကန့်သတ် -

(ည) အလုပ်သင်ကာလအတွင်း အခြားအဖွဲ့အစည်း၊ ကုမ္ပဏီတို့တွင် အချိန်ပြည့် (သို့မဟုတ်) အချိန်ပိုင်း ကူးပြောင်း၍ တာဝန်ထမ်းဆောင်ခြင်း မပြုရ။ အလားတူပင် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းမှတပါး အခြားမည်သည့်သင်တန်းကိုမှ ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မတက်ရ၊

(ဋ) စာရင်းကိုင်အလုပ်သင်သည် လက်တွေ့လုပ်ငန်းလေ့လာမှု အချိန်ကာလ အတွင်းနှင့် သင်တန်းတက်ချိန်အတွင်း ပြုမူပြောဆိုမှု၊ သိက္ခာ၊ သမာဓိတို့ကို ထိန်းသိမ်း စောင့်ရှောက်ရမည်၊

(ဌ) စာရင်းကိုင်အလုပ်သင်များသည် စာရင်းပညာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှုကို နေ့စဉ်မှတ်တမ်းပြုစု၍ ယင်းမှတ်တမ်းများကို အလုပ်သင်ကြားပေးသူထံ အပတ်စဉ် တင်ပြရမည်၊

(ဍ) စာရင်းကိုင်အလုပ်သင်သည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်စသည်တို့ကို တိကျစွာလိုက်နာပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်၊

(ဎ) အောက်ပါကိစ္စတစ်ခုခု ပေါ်ပေါက်လာပါက အလုပ်သင်စာရင်းကိုင်အဖြစ်မှ ထုတ်ပယ်ခြင်း ခံရမည်-

(၁) ကောင်စီကထုတ်ပြန်ထားသော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြား ချက်များနှင့်အလုပ်သင်စာရင်းကိုင်ဆိုင်ရာ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်လျှင်လည်းကောင်း၊

(၂) လက်တွေ့လေ့လာဆည်းပူးရာ၌ ကျေနပ်ဖွယ်ရာမရှိလျှင်လည်းကောင်း၊

(၃) ရာဇဝတ်မှု (သို့မဟုတ်) နိုင်ငံရေးပြစ်မှုတစ်ခုခု ကျူးလွန်၍ တရားဥပဒေအရ အရေးယူအပြစ်ပေး ခံရလျှင်လည်းကောင်း၊

(၄) မလျော်ကန်သောနည်းလမ်းဖြင့် နည်းခံလုပ်သက်ရရန် အမှန်တကယ် လက်တွေ့အလုပ်မဆင်းဘဲ အလုပ်ဆင်းဘိသကဲ့သို့ သင်ကြားပေးသည့် စာရင်းကိုင်ထံမှ နည်းခံလုပ်သက်အပေါ် ကျေနပ်ဖွယ်ရာရှိကြောင်း လိမ်လည်၍ ထောက်ခံချက် ရယူခဲ့လျှင် လည်းကောင်း၊

(ဏ) စာရင်းကိုင်အလုပ်သင်သည် မိမိဆန္ဒအလျောက် အလုပ်သင်အဖြစ်မှ နုတ်ထွက်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် အပိုဒ်(ဎ)အရ အလုပ်သင်အဖြစ်မှ ထုတ်ပယ်ခံရလျှင် ဖြစ်စေ၊ ကျပ် ၆၀,၀၀၀ (ကျပ်ခြောက်သောင်းတိတိ)ကို ကောင်စီသို့ မပျက်မကွက် ပေးလျော်ရမည်။ အကယ်၍ ပေးလျော်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးခြင်း ခံရမည်။

(တ) စာရင်းကိုင်အလုပ်သင်သည် အောက်ပါခွင့်များ ခံစားရရှိနိုင်သည်-

(၁) အလုပ်သင်ကာလ(၁၂)လလျှင်၊ ရှောင်တခင်ခွင့်(၁၀)ရက်၊

(၂) မိမိဆောင်ရွက်ပြီး အလုပ်သင်လုပ်သက်၏ ၁၁ပုံ ၁ပုံနှုန်းထက် မများဘဲ လုပ်သက်ခံစားခွင့်၊

(၃) နာမကျန်းဖြစ်ခဲ့လျှင်လည်း သက်ဆိုင်ရာဆေးလက်မှတ် အထောက်အထား များဖြင့် မိမိဆောင်ရွက်ပြီးသည့်အလုပ်သင်လုပ်သက်၏ ၁၁ ပုံ ၁ ပုံ နှုန်း ထက် မများဘဲ ဆေးခွင့်(ခံစားခွင့်ရှိသည့်ကာလထက် ကျော်လွန်ပါက လစာမဲ့ခွင့်အဖြစ် သတ်မှတ်မည်။ )

(ဌ) ခိုင်လုံသောအကြောင်းပြချက်ရှိပါက တစ်နှစ်လျှင် ရက်ပေါင်း ၃၀ အထိ လစာမဲ့ခွင့်။

(ဏ) စာရင်းကိုင်အလုပ်သင် အမျိုးသမီးများအတွက် မီးဖွားခွင့်၊ သားပျက်သားလျှောခွင့်များ မဖြစ်မနေယူခဲ့ခြင်းနှင့် အလုပ်သင်စာရင်းကိုင်အားလုံး အထက် အပိုဒ် ဎ (၃)ပါ လစာမဲ့ခွင့်သတ်မှတ်ခံရခြင်း၊ အပိုဒ် ဎ (၄) ပါ လစာမဲ့ခွင့် ယူခြင်းတို့အား အလုပ်သင် လုပ်သက် အဖြစ် ထည့်သွင်းရေတွက်မည် မဟုတ်ပါ။ သို့ပါ၍ အသားတင် အလုပ်သင်ကာလ (၂) နှစ် ပြည့်မြောက်သည်အထိ အလုပ်သင်ဆင်းရမည်။

၂။ အထက်ပါတာဝန်များကိုဖြစ်စေ၊ စည်းကမ်းချက်များကိုဖြစ်စေ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆောင်ရွက်လိုက်နာရန် ပျက်ကွက်လျှင် စာရင်းကောင်စီ၏ ထိုက်သင့်သလို အရေးယူခြင်းကို ခံယူရမည်။

အမိန့်အရ

(ကြည်ဝင်း)
ညွှန်ကြားရေးမှူး

စာအမှတ်၊ မစက/၅၀၅/( ၂၃၁ /၂၀၁၃) ရက်စွဲ၊ ၆ -၆- ၂၀၁၃

ဖြန့်ဝေခြင်း-

- ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများတွင် အလုပ်သင်ဆင်းမည့် စာရင်းကိုင်အလုပ်သင်များ

မိတ္တူကို-

- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ